ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၂ ၂၀၂၂ ခုနှစ် ၊ ဇွန်လ ၁ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၂၂) ပြင်ဆင်ရေးဆွဲခြင်း



(၇-၅-၂၀၂၂) ရက်နေ့ ၉:၀၀ နာရီတွင် ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၂၂) ပြင်ဆင်ရေးဆွဲရာတွင် အခန်း(၁) မှ (၉၇) အထိ အကောက်ခွန်နှုန်းထားများပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

# (Single Window Working Group) ၏ ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခြင်း




၆-၅-၂၀၂၂ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် Zoom Meeting Application ကို အသုံးပြု၍ ကျင်းပပြုလုပ်ခဲ့သည့် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (Single Window Working Group) ၏ ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ ၂၄-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များ အားလုပ်ငန်းအဖွဲ့ဝင်များ သိရှိဆောင်ရွက်ပါရန်၊ လုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ရမည့် အာတီကယ် များနှင့်စပ်လျဉ်း၍ မူကြမ်းသတ်မှတ်ထားရှိသည့် Definitive Timeline နှင့်TACB (Technical Assistance and Capacity Building) များအားအတည်ပြုသတ်မှတ်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် များအား ညှိနှိုင်းဆွေးနွေးရန် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ (Single Window Working Group) အား ၂၅-၄-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင် (၄၈) ဦး (ဌာန/ အဖွဲ့အစည်းပေါင်း (၄၆) ခု) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာနမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူး (MACCS) အကောက်ခွန် ဦးစီးဌာနမှလည်းကောင်း ပါဝင်ဖွဲ့စည်းထားကြောင်း၊ ပြတင်းတစ်ပေါက်စနစ် ဆိုင်ရာလုပ်ငန်းများ

အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအား ၁၄-၆-၂၀၁၉ ရက်နေ့မှစ၍ ကျင်းပပြုလုပ်ခဲ့ရာ ယခုအစည်းအဝေးမှာ (၅) ကြိမ်မြောက် ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ TFA လုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး TFA လုပ်ငန်းစဉ်များစတင်ဆောင်ရွက်ခဲ့ချိန်မှစ၍ ၅ နှစ် တာကာလအတွင်း အားနည်းချက်များလည်းရှိပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း အကောင်အထည်ဖော်ရမည့် အာတီကယ်များအား သတ်မှတ်အချိန်မီ အကောင်အထည်ဖော်နိုင်အောင် မိမိတို့ဌာနအလိုက် လုပ်ငန်းအစီအမံများရေးဆွဲ၍ ဆောင်ရွက်ပါက ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ အာတီကယ်များအလိုက် TACB တောင်းခံသည့်အပိုင်းတွင် Legal ပိုင်းဆိုင်ရာ တောင်းခံထားသော်လည်း တစ်ချို့အာတီကယ်များအား တောင်းခံထားခြင်းမရှိသောကြောင့် TFA လုပ်ငန်းစဉ် များဆောင်ရွက်နေသည့် လုပ်ငန်းအဖွဲ့ (၄) ဖွဲ့မှ အကောင်အထည်ဖော်ရမည့် အာတီကယ်များနှင့်စပ်လျဉ်း၍ Legal ပိုင်းဆိုင်ရာများအား TACB တောင်းခံရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အခြားနိုင်ငံများမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများမှာ ရှေ့ရောက်နေသောကြောင့် မိမိတို့အနေဖြင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ စတင်ဆောင်ရွက်ချိန်မှစ၍ Legal ပိုင်းဆိုင်ရာ ဥပဒေဘောင်ထဲဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ ထို့သို့မဟုတ်ပါက လုပ်ငန်းများဆောင်ရွက်သည့်အခါ နှောင့်နှေးကြန့်ကြာမှုများရှိလာမည်ဖြစ်သောကြောင့် Legal ပိုင်းဆိုင်ရာ ဥပဒေဘောင်ထဲဝင်အောင် ဆောင်ရွက်ကြရန် ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထပ်မံပြောကြားလိုသည်မှာ လုပ်ငန်းအဖွဲ့များအလိုက်ထိထိရောက်ရောက် လုပ်ငန်းအစီအမံများရေးဆွဲ၍ ဆောင်ရွက်ကြစေလိုကြောင်း၊ အခက်အခဲများရှိပါကလည်း Single Window Working Group သို့ အချိန်မရွေး ဆက်သွယ်ဆောင်ရွက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို သက်ဆိုင်ရာဌာနအသီးသီးမှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၂:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



# ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) အား သင်တန်းပို့ချခြင်း



စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၂၀-၄-၂၀၂၂) ရက်နေ့မှ (၂၀-၅-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သည့် ရုံးတွင်းအဆင့်စုံမှ ဒု-အကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) (ပထမသုတ်) အား သင်တန်း ဖွင့်လှစ်ခဲ့ရာ (၁၆-၅-၂၀၂၂) ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)၊ ဦးရဲထွဋ်အောင်မှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာ ဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၆၇) ဦး တက်ရောက်ခဲ့ပါသည်။





# ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနား




စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၂၃-၅-၂၀၂၂) ရက်နေ့မှ (၁၄-၆-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သည့် ရုံးတွင်းအဆင့်စုံမှ ဒု-အကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) (ဒုတိယသုတ်) အား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်မှ ဦးဆောင်၍ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၆၃) ဦး တက်ရောက်ခဲ့ပါသည်။



# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် စက်ပစ္စည်းများ၊ မိတ္တူကူးစက်များနှင့် အထွေထွေ ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော စက်ပစ္စည်းများ၊ မိတ္တူကူးစက်များ နှင့် အထွေထွေပစ္စည်းများ အား (၂၆-၅-၂၀၂၂) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံ အုပ်စု (၂) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၁၁၈.၁၀) သန်း ရရှိခဲ့ပါသည်။



# ဖမ်းဆီးရမိသည့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အလှကုန်များ၊ ဘီယာများ ဖျက်ဆီးခြင်း



အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည့်သူဘဏ္ဍာသိမ်း ထု/ခွဲ ဖျက်ဆီးအဆင့်ရောက် အမှုတွဲ (၁၉) ပါ အများပြည်သူ သုံးစွဲရန် နှင့် စားသုံးရန် မသင့်သော မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အလှကုန်များ၊ ဘီယာများ၊ စုစုပေါင်း (၅၁၄.၉၅၇) သန်းခန့်အား (၁၇-၅-၂၀၂၂) ရက်နေ့၊ နံနက် (၈:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော် ဥက္ကဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်၊ ထိန်ပင် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ၊ လှိုင်သာယာမြို့နယ်၌ စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများ အား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေလ(၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၇၃) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု









Myanmar Longrary Co.,Ltd မှ No.100203931333 (25-4-2022)၊ ကုန်သေတ္တာ (10x40’) ဖြင့် တရုတ်နိုင်ငံမှ MIP ဆိပ်ကမ်းသို့ တင်သွင်းသည့် Plastic Article Item (11) မျိုးအား တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Item (1,2,3,6,7,9,10,11) မှာ ကိုက်ညီမှန်ကန်ပါသော်လည်း Item (4,5,8) မှာ ပါရှိလာခြင်းမရှိပါ။ ID တွင် ကြေညာထားခြင်းမရှိသော Foam Slipper (C/O-China) ပါ Item (၃၁)မျိုး၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၂၀၇,၆၃၀,၀၀၀/-) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲအမှတ်၊ ၁-ရာ/ကသတ (MIP)/၂၀၂၂(၅၈) (၂-၅-၂၀၂၂) ဖြင့် အမှုတွဲဖွင့်လှစ်ခဲ့သော အမှုဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု







(၃-၄-၂၀၂၂) ရက်နေ့တွင် လေကြောင်းအမှတ်စဉ် QR8920, AWB No. 15773478075 (3.4.2022) ဖြင့် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော ပစ္စည်းများကို (၁၈-၄-၂၀၂၂) ရက်နေ့၌ ကုန်ပစ္စည်းလာရောက် ရှင်းလင်းထုတ်ယူခဲ့ရာ ID တွင် ကြေညာဖော်ပြထားသည်ထက် ပိုမိုပါရှိလာသော စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် IMCIL-500 mg (Powder for injection)-(19750 U)၊ ခန့်မှန်းတန်ဖိုးကျပ်(၃၅,၁၁၅,၅၀၀/-) ခန့်အား အမှုတွဲအမှတ်၊၁-ရာ(ကလရ)/ ၂၀၂၂ (၀၁၁)(၃-၅-၂၀၂၂) ဖြင့် အမှုတွဲဖွင့်လှစ်ခဲ့သောအမှု ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု






တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျကွပ်ကဲရေးမှူး ဦးစီး၍ (၂၈-၅-၂၀၂၂) ရက်နေ့ (၂၁:၅၀) နာရီချိန်ခန့်တွင် မန္တလေးမှ မူဆယ်သို့ ယာဉ်မောင်း ဦးဆက်ပိုင်ဦး မောင်းနှင်လာသော TOYOTA REGIUS ACE အမျိုးအစား၊ ယာဉ်အမှတ်၊ 3P/4385 အား အတက်ယာဉ် စစ်ဆေးရေး တာဝန်ကျအဖွဲ့၊ သစ်တောအဖွဲ့နှင့် စစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းအဖွဲ့တို့မှ စစ်ဆေးရာ ကုန်စိမ်းများဖြင့် ရောနှောသယ်ဆောင်လာသော ကျွန်းသစ်ခွဲသား (၇၅) ချောင်း၊ (၀.၅၀၀)တန်၊ ခန့်မှန်းတန်ဖိုးကျပ် (၅၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၂ (၂၃) ဖြင့် လည်းကောင်း၊ တင်ဆောင်သယ်ယူလာသော မော်တော်ယာဉ် (၁)စီး ခန့်မှန်းတန်ဖိုးကျပ် (၁၁,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၂(၂၃-က) ဖြင့်လည်းကောင်း အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု






(၉-၅-၂၀၂၂) ရက်နေ့ နေ့လည် (၁၂:၀၀) အချိန်ခန့်တွင် မူဆယ်မြို့၊ နန်းတော် လူဝင်/လူထွက်ဂိတ်၌မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအား စိစစ်လက်ခံဆောင်ရွက်ခဲ့ရာ ခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်အား စစ်ဆေးရာ တရားဝင်အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ i phone 7 (64 GB) (၁၀)လုံး အပါအဝင် စုစုပေါင်း ပစ္စည်း(၈) မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် (၁၂၅၀၀၀၀၀/-) အား စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပစ္စည်းများကို ၁၁ - မဆ/ ၂၀၂၂ (၀၀၇) (၁၀-၅-၂၀၂၂) ဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့သော အမှုဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/ တားဆီးမှု



တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ( ၁ ) ရက်နေ့တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မေလ ( ၅ ) ရက်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် (၂၈၃) စီး ၊ သွင်းကုန် (၂၃) စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် (၂၄၆) စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေး စခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မေလ(၅)ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင် စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော အကောက်ခွန်မဲ့ဖြစ်သည့် Auro Bright (Rose Facial Soap) 1600 Nos ကုန်ပစ္စည်း(၁)မျိုး အား အမှုတွဲအမှတ်၊၁၁-မရခ/၂၀၂၂(၀၈၀) ဖြင့် ဖမ်းဆီးမှု (၁) မှု ၊ စုစုပေါင်းခန့်မှန်း တန်ဖိုး (၆.၄၀၀)သန်း ဖြင့်အမှုတွဲဖွင့်လှစ်ခဲ့သော အမှုဖြစ်ပါသည်။



## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၉၅.၀၁၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြား ဖမ်းဆီး/ တားဆီးမှု**



(၁၀-၅-၂၀၂၂) ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်၌ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အကောက်ခွန်မဲ့ **Monosodium Glutamate (1x25kgx100Bags) (2500Kgs)** အား အမှုတွဲအမှတ် ၊ ၁၁-မရခ/၂၀၂၂ (၀၈၂) ဖြင့် ဖမ်းဆီးမှု (၁) မှု ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုး ( ၅. ၀၈၇) သန်းခန့် ဖြင့် အမှုတွဲဖွင့်လှစ်ခဲ့သော အမှုဖြစ် ပါသည်။




